ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၅၀ကျပ် K 50

# ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

## ပုသိမ်မြို့

**၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်- ၁၇**

**၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်- ၂၆**

တာဝန်ခံမိတ္တူမှန်

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၂၂ တွင်ချမှတ်သော ၂၀၁၈ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့စွဲပါ ဟင်္သာတခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုမကျေနပ်၍ အယူခံမှုများ

ဦးစိန်ဝင်း နှင့် ၁။ ဦးမောင်မောင်မြင့်
၂။ ဒေါ်ခိုင်ခိုင်ဝင်း

( အယူခံတရားလို ) ( အယူခံတရားပြိုင်များ )

---

၁။ ဦးမောင်မောင်မြင့် နှင့် ဦးစိန်ဝင်း
၂။ ဒေါ်ခိုင်ခိုင်ဝင်း

စစ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ယူသည်။

( အယူခံတရားလိုများ ) ( အယူခံတရားပြိုင်)

အယူခံတရားလို/တရားပြိုင် ၊ ဦးစိန်ဝင်းအတွက်၊ ဦးခင်ဦး၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားလို/တရားပြိုင်၊ ဦးမောင်မောင်မြင့်၊ဒေါ်ခိုင်ခိုင်ဝင်းတို့အတွက်ဦးမြင့်နိုင်ဦး တရားလွှတ်တော်ရှေ့နေ

မိတ္တူကူးစာရေး

### စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်

ဟင်္သာတခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၂၂/၂၀၁၆တွင် တရားလိုဦးစိန်ဝင်းက တရားပြိုင်ဦးမောင်မောင်မြင့်နှင့် ဒေါ်ခိုင်ခိုင်ဝင်းကို့အပေါ် မတ်ပဲ(၁၀၅၀)အိတ်၏ တန်ဖိုးသင့်ငွေ (၆၃၆၆၀၉၃၇)ကျပ်ရလိုမှုစွဲဆိုရာ ၂၇-၁၂-၂၀၁၈ ရက်နေ့တွင် တရားလိုသည် တရားပြိုင်များထံမှ မတ်ပဲအိတ်(၁၀၅၀)အိတ်တန်ဖိုးငွေ(၃၂၁၈၉၂၆)ကျပ်ရထိုက်ကြောင်း အနိုင်ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီကို မူလရုံးတရားလိုဦးစိန်ဝင်းက မကျေနပ်၍ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်သို့တရားမပထမအယူခံမှုအမှတ် ၁၇/၂၀၁၉ဖြင့်လည်းကောင်း ၊မူလရုံးတရားပြိုင်ဦးမောင်မောင်မြင့်နှင့် ဒေါ်ခိုင်ခိုင်ဝင်းတို့ကမကျေနပ်၍ တရားမပထမအယူခံမှုအမှတ် ၂၆/၂၀၁၉ဖြင့်လည်းကောင်း အသီးသီးအယူခံမှုတင်သွင်းလာသောအမှုဖြစ်သည်။

(မျိုးညွန့်)
အခွင့်ရအရာရှိ

မူလရုံးတရားလိုက အဆိုလွှာတွင် တရားလိုနှင့်တရားပြိုင်တို့မှာ ခင်မင်ရင်းနှီးကြသူများဖြစ်ကြောင်း တရားပြိုင်များမှ စိန်ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ကိုင်၍ တရားလိုနှင့်ပဲအရောင်းအဝယ်လုပ်ငန်းဆက်သွယ်လုပ်ကိုင်ကြောင်း၊ တရားလိုမှ တရားပြိုင်များထံတွင် ၄-၁၁-၂၀၁၄ ရက်နေ့တွင် မတ်ပဲအိတ် ၅၀၀ကိုတစ်တင်း (၁၉၅၀၀)ကျပ်ဈေးဖြင့်သင့်ငွေ ၁၄၅၆၄၀၆၂ကျပ်ဖြင့်လည်းကောင်း၊ ၂၆-၁၁-၂၀၁၄ နေ့တွင် ပဲအိတ် ၃၀၀ကို တစ်တင်း(၂၀၀၀၀)ကျပ်ဈေးဖြင့် (၉၀၀၀၀၀၀)ကျပ်နှင့်လုပ်အားခအပါအဝင် ၁၂၀၀၀ ကျပ်စုစုပေါင်း ၉၀၁၂၀၀၀ကျပ်ဖြင့် လည်းကောင်း၊ ၅-၁-၂၀၁၅ နေ့တွင် မတ်ပဲ ၂၅၀ အိတ်ကို တစ်တင်း ၂၃၀၀၀ကျပ်ဈေးဖြင့် ၈၆၂၅၀၀၀ကျပ် ဖြင့်လည်းကောင်း၊ ဝယ်ခဲ့ကြောင်း၊ တရားပြိုင်များမှ မတ်ပဲအိတ်(၁၀၅၀) အိတ်ကို ၃၁-၃-၂၀၁၅ နေ့တွင် ပဲအပ်ရန်ကတိပြုခဲ့သော်လည်း အပ်ခဲ့ခြင်းမရှိကြောင်း ၂၀၁၅ (၅)လပိုင်းတွင် မတ်ပဲတစ်တင်း ၄၀၅၀၀ကျပ်ဈေးဖြင့် တရားလိုနှင့် တရားပြိုင်တို့ နှစ်ဖက်တန်ဖိုးသင့်၍၆၃၆၆၀၉၃၇ ကျပ်ပေးရန် ရရန်ရှိခဲ့ကြောင်း ။ ယင်းမတ်ပဲဘိုးငွေများကို တရားပြိုင်က တစ်ပတ်စောင့်၍ ငွေယူရန်ကတိပြုခဲ့ကြောင်း တရားပြိုင်မှ မတ်ပဲဘိုးငွေများပေးဆပ်ခြင်းမရှိ၍ ဆက်သွယ်ရာ ပေးဆပ်မည်ဟုပြော၍ ရက်ရွှေ့ဆိုင်းသတ်မှတ်သော်လည်း ပေးဆပ်ခဲ့ခြင်းမရှိကြောင်း၊ ယင်းပဲဘိုးကိုဟသ်ာတကုန်စည်ဒိုင်သို့ တိုင်၍တောင်းခံမည်ဟုပြောရာ မတိုင်ရန်ပဲဘိုးငွေကို ပြေလည်အောင်ရှင်းလင်းမည်ဟု ပြောဆိုခဲ့ကြောင်း ၂၀၁၆ ခုနှစ်ထိလည်းပေးဆပ်ခဲ့ခြင်းမရှိကြောင်း၊ တရားလိုမှ တရားပြိုင်များထံနို့တစ်စာပေးရာ ၈-၇-၂၀၁၆ ရက်နေ့တွင် မတ်ပဲဘိုး ၆၃၆၆၀၉၃၇ကျပ် ပေးရန်တာဝန်မရှိဟုအကြောင်း ပြန်ကြားခဲ့သဖြင့် တရားစွဲဆိုခြင်းဖြစ်ကြောင်း အဆိုပြုသည်။

တရားပြိုင်များမှ ချေပရာတွင်တရားလိုသည် တရားပြိုင်ပွဲရုံမှ ၄-၁၁-၂၀၁၄ နေ့ပဲအိတ် ၅၀၀ ကို တစ်တင်း ၁၉၅၀၀ ကျပ်ဖြင့် ၁၄၅၆၄၀၆၂ ကျပ်ဖြင့် ကြိုပွဲခိုင့်ဝယ်ယူခဲ့ပြီး ပေါက်ဈေးမှာ ၂၈၅၀၀ ကျပ်ဖြစ်ကြောင်း ၂၆-၁၁-၂၀၁၄ နေ့မတ်ပဲအိတ် ၃၀၀ကို တစ်တင်း ၂၀၀၀၀ကျပ်ဖြင့် ၉၀၀၀၀၀၀ ကျပ် ဖြင့်ကြိုပွဲခိုင့်ဝယ်ယူသော်လည်း မတ်ပဲဈေးမှာ ၂၇၀၀၀ ကျပ်ဖြစ်ကြောင်း ၅-၁-၂၀၁၅ နေ့မတ်ပဲ အိတ် ၂၅၀ကိုတစ်တင်း ၂၃၀၀၀ကျပ်ဈေးဖြင့်သင့်ငွေ ၁၈၆၂၅၀၀၀ ကျပ်ကြိုပွဲခိုင့်ဝယ်ယူပြီး ပေါက်ဈေးနှုန်းမှာ ၂၉၀၀၀ကျပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တရားလိုကြိုပွဲခိုင့်စနစ်ဖြင့်ဝယ်ယူခဲ့သည့်မတ်ပဲ ၁၀၅၀ အိတ်၏တန်ဘိုးမှာ ၃၂၁၈၉၀၆၂ ကျပ်သာရှိကြောင်း၊ ယင်းကြိုပွဲခိုင့်စနစ်ဖြင့်ဝယ်ယူထားသောပဲများ တရားလိုသို့အပ်နိုင်ရန်မတ်ပဲပေါ်ရာသီဖြစ်သည့် ၃၁-၃-၂၀၁၅ နေ့ပဲအပ်ရန် သက်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တောင်သူများသီးနှံအထွက်မကောင်းခြင်းကြောင့် တရားပြိုင်ထံပဲမအပ်၍ တရားလိုသို့ ပဲမအပ်နိုင်ခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် (၁)လပိုင်းတွင် နှစ်ဖက်သဘောတူ၍ မတ်ပဲတစ်တင်းလျှင် ၄၀၅၀၀ကျပ်ဈေးဖြတ်ခဲ့ခြင်းမရှိကြောင်း၊ ယင်းဈေးဖြတ်သည့်တန်ဘိုးဖြင့်ပြန်ပေးမည့်ဟု ကတိပြုခဲ့ခြင်းမရှိကြောင်း၊ တရားပြိုင်များသည် အရောင်းအဝယ်လုပ်ငန်းများအရှုံးပေါ်ခြင်း၊ ရောင်းမှားဝယ်မှားဖြစ်ခြင်းတို့ကြောင့် တရားလိုအပါအဝင် တရားပြိုင်တို့မှမတ်ပဲပေးရန်ရှိသူစာရင်းပြု၍ ၂၀၁၆ခုနှစ် ၁လပိုင်းတွင် ဟသ်ာတကုန်စည်ဒိုင်အဖွဲ့သို့ တင်ပြခဲ့ကြောင်း၊ ယင်းစာရင်းတွင် ပဲဈေးသတ်မှတ်ခဲ့ခြင်းမရှိကြောင်း၊ တရားလိုမှ တန်ဘိုးငွေ ၆၃၆၆၀၉၃၇ ကျပ်ဟု သတ်မှတ်ဖော်ပြချက်ကို ၃၂၁၈၉၀၆၂ ကျပ်ဖြစ်သည်ဟု အကြောင်းပြန်ကြားခဲ့ကြောင်း၊ တရားလိုစွဲဆိုသော အမှုအား စရိတ်နှင့်တကွပလပ်ပေးရန် ချေပသည်။

တာဝန်ခံမိတ္တူမှန်

စစ်ဆေးပြီး မှန်ကန်ကြောင်း တာဝန်ယူသည်။

မိတ္တူကူးစာရေး

([illegible])
အဆင့်ရအရာရှိ

အဆိုအချေများပေါ်တွင် အောက်ပါငြင်းချက်များထုတ်ခဲ့သည်။

(၁) တရားလိုဦးစိန်ဝင်းသည် တရားပြိုင်များဖြစ်သော ဦးမောင်မောင်မြင့်၊ ဒေါ်ခိုင်ခိုင်ဝင်းတို့ထံမှ မတ်ပဲ(၁၀၅၀) အိတ်၏တန်ဘိုးသင့်ငွေ ၆၃၆၆၀၉၃၇ ကျပ်အား ရရန်ရှိသည်မှာ မှန်သလား၊

(သို့မဟုတ်)

တရားလိုဦးစိန်ဝင်းသည် တရားပြိုင်များဖြစ်သော ဦးမောင်မောင်မြင့်နှင့် ဒေါ်ခိုင်ခိုင်ဝင်းတို့ထံမှ မတ်ပဲ(၁၀၅၀)အိတ်ပာန်ဘိုးသင့်ငွေ ၃၂၁၈၉၀၆၂ ကျပ်ကိုသာရရန်ရှိသည်မှာ မှန်သလား၊

(၂) တရားလိုသည်မည်သည့်သက်သာခွင့်ရထိုက်သနည်း။

မှာသ်ကခရိုင်တရားရုံးက ငြင်းချက်များကိုဖြေဆို၍ တရားလိုဦးစိန်ဝင်းသည် တရားပြိုင် ဦးမောင်မောင်မြင့်၊ ဒေါ်ခိုင်ခိုင်ဝင်းတို့ထံမှ ပဲအိတ်(၁၀၅၀)အိတ်အတွက် ငွေ ၃၂၁၈၉၀၆၂ ကျပ် ရထိုက်ခွင့်ရှိကြောင်း ဒီကရီချမှတ်ခဲ့သည်။

တာဝန်ခံမိတ္တူမှန်

ဤစီရင်ချက်သည် ဟသ်ကခရိုင်တရားရုံး၏ တရားမကြီးမှု ၂၂/၂၀၁၆တစ်မှုတည်းမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး ဆုံးဖြတ်ရန်ပြဿနာမှာလည်းတူညီသဖြင့် အယူခံမှု(၂)မှုလုံးနှင့်သက်ဆိုင်စေရမည်။

အယူခံတရားလို/အယူခံတရားပြိုင်ဦးစိန်ဝင်း၏ တရားလွှတ်တော်ရှေ့နေက တင်ပြလျှောက်လဲရာတွင် အမှုမှတရားလိုပြသက်သေများ၏ ထွက်ဆိုချက်အရ မူလရုံးတရားခံများသည် မူလရုံးတရားလိုအား မတ်ပဲများရောင်းချမည်ဟု ပြောဆိုသဖြင့် ၄-၁၁-၂၀၁၄ နေ့တွင် မတ်ပဲအိတ် (၅၀၀) ကိုလည်းကောင်း၊ ၂၆-၁၁-၂၀၁၄ နေ့တွင် မတ်ပဲအိတ် ၃၀၀ ကိုလည်းကောင်း ၅-၁-၂၀၁၅ ရက်နေ့တွင် မတ်ပဲအိတ် ၂၅၀ ကိုလည်းကောင်း စုစုပေါင်း မတ်ပဲ ၁၀၅၀အိတ်အား တန်ဘိုးငွေ (၃၂၁၈၉၀၆၂)ကျပ်ကို မူလရုံးတရားလိုမှ အဝယ်ပြေစာများ ငွေလက်ငင်းပေးချေဝယ်ယူခဲ့ပြီး တရားပြိုင်များ၏ ပွဲရုံသို့ပြန်လည်အပ်နှံခဲ့ခြင်းမှာ အငြင်းမပွားကြောင်း တရားပြိုင်များ၏ ရှေ့နေက ပြန်လှန်မေးမြန်းချက်အရ မူလရုံးတရားလိုများဝယ်ယူခဲ့သော မတ်ပဲအိတ်များကို တရားပြိုင်များ မပေးနိုင်ခြင်းမှာ ရောင်းမှားဝယ်မှားဖြစ်သည့်အတွက်လည်းကောင်း၊ ကျေးရွာများမှတောင်သူများ ထံငွေကြိုတင်ပေး၍ဝယ်ယူထားသောပဲများမရသည့်အတွက်လည်းကောင်း၊ မပေးနိုင်ခြင်းဖြစ်သည်ဟု မေးမြန်းထားခြင်းကို ဖြေကြားခဲ့ကြောင်း၊ တရားလိုသည် တရားပြိုင်များထံငွေပေးထားခြင်းမှာ မတ်ပဲများရမည်ဆိုသောမျှော်လင့်ချက်ဖြင့် ငွေပေးခဲ့ခြင်းဖြစ်ကြောင်း၊ မူလရုံးတရားပြိုင်များသည် ငွေသော်လည်းကောင်း မတ်ပဲသော်လည်းကောင်းပြန်ပေးရန်တာဝန်ရှိကြောင်း၊ မူလရုံးတရားလိုက သက်သေခံ(က)(က-၁)(က-၂)အဖြစ်ပြေစာများတွင် တရားလိုသို့ ၃၁-၃-၂၀၁၅ နေ့တွင် မတ်ပဲမျာ အပြီးပေးရန်ဖော်ပြထားပြီး တရားပြိုင်များမှ သတ်မှတ်ရက်တွင် ပေးအပ်နိုင်ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ နှစ်ဖက်သဘောတူညီသောကာလပေါက်ဈေးဖြင့် တန်ဘိုးငွေ ၆၃၆၆၀၉၃၇ ကျပ်ပေးရန် ကတိပြုသော်လည်း ပြန်လည်ပေးဆပ်ခဲ့ခြင်းမရှိဟု ပေါ်ပေါက်ကြောင်း၊ မတ်ပဲပေးရန်ငွေထုတ်ပေးခြင်းဖြစ်ပြီး ငွေချေးခြင်းငွေထုက်ပေးခြင်းမဟုတ်ကြောင်း တရားပြိုင်ပြသက်သေများ၏ ထွက်ချက်အရ တရားပြိုင်များသည် ပွဲရုံဖွင့်လှစ်၍ မတ်ပဲဝယ်ယူလိုသောသူများမှ ဝယ်ယူလိုသည့်အချိန်ကာလပေါက်ဈေးဖြင့် ဈေးဖြတ်ဝယ်ယူပြီး ဝယ်သူမှ မတ်ပဲအပ်နှံထားပြီး ဝယ်သူပြန်လည်ရောင်းချလိုသည့်အချိန်တွင် ကာလပေါက်ဈေးဖြင့် ငွေပေးချေလေ့ရှိသည်ဟု ပေါ်ပေါက်ကြောင်း၊ တရားလိုထံမှ မတ်ပဲဘိုးလက်ခံထားပြီး တရားလိုပြန်လည်ရောင်းလိုသည့်အချိန်တွင် ငွေနှင့်ပဲမပေးနိုင်သည့် ကိစ္စကို

၁၀၀ဆော၍ မှန်ကန်ကြောင်းတာဝန်ခံသည်
မိတ္တူကူးသူစာရေး
(မျိုးညွန့်)
အခွင့်ရအရာရှိ

တရားပြိုင်များက ရှင်းလင်းထွက်ဆိုရန်လိုအပ်ကြောင်း၊ တရားပြိုင်များသည် အခြားသူများနှင့်လည်းမတ်ပဲဝယ်ရန်ယူထားသောငွေများအတွက် အမှုများဖြစ်နေကြောင်း၊ တရားပြိုင်များက မတ်ပဲဝယ်ယူခြင်းမှာ မတ်ပဲမရှိသေးမီမတ်ပဲ(ပင်ထောင်)အား ကြိုပွဲဝိုင့်စနစ်ဖြင့် ဝယ်ယူခြင်းဖြစ်ကြောင်း ဆိုချေသော်လည်း သက်သေတင်ပြနိုင်ခြင်းကိုမရှိကြောင်း၊ မူလရုံးတရားပြိုင်များသည် မူလရုံးတရားလိုထံမှ ယူခဲ့သောငွေများဖြင့် တောနယ်ဘက်တွင် တောင်သူများအား ငွေကြိုတင်ပေး၍ဝယ်ယူခဲ့သော်လည်း မတ်ပဲမရဟုဆိုသော်လည်း မူလရုံးတရားလိုနှင့် သက်ဆိုင်ခြင်းမရှိကြောင်း အရောင်းအဝယ်စလေ့ထုံးစံအရ ပဲဝယ်ရန်ကြိုတင်ပေးထားသော ငွေနှင့် စပ်လျဉ်းပြီး ပြန်ပေးရန်မှာ ကာလပေါက်ဈေးဖြင့်သာတွက်ချက်ပေးချေခြင်းဖြစ်ကြောင်း၊ ဦးထွန်းရင်ပါနှင့် ဦးမောင် ၂၀၀၃ ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ် (၁၉၂)တွင် ဆုံးဖြတ်ထားကြောင်း ပဋိညာဉ်ဥပဒေပုဒ်မ ၇၃တွင် ပဋိညာဉ်ချိုးဖောက်ရာတွင် ထိုသို့ချိုးဖောက်ခြင်းကြောင့် ဆုံးရှုံးရသည့် သို့မဟုတ် နစ်နာရသည့်အတွက် ပဋိညာဉ်ချိုးဖောက်သူထံမှ ချိုးဖောက်ခံရသူသည် ပဋိညာဉ်ချိုးဖောက်ခြင်းကြောင့် သဘာဝအလိုက်ဖြစ်မြဲဖြစ်ပေါ်သည့်အတိုင်းဖြစ်စေ ပဋိညာဉ်ပြုစဉ်က ပြုလုပ်သူများအနေဖြင့် ပဋိညာဉ်ချိုးဖောက်လျှင် ပေါ်ပေါက်လာမည့်ဟုသိရှိကြသည့်နစ်နာမှုအရဖြစ်စေ လျော်ကြေးရထိုက်သည်ဟုပြဋ္ဌာန်းထားကြောင်း မူလရုံးတရားပြိုင်များသည် တရားလိုနှင့် ပဋိညာဉ်ပြုထားသည့်အတိုင်းမတ်ပဲများကို ပေးအပ်ခြင်းမရှိသောကြောင့် မတ်ပဲပေးရမည့်အချိန်ကာလပေါက်ဈေးနှင့် မူလရုံးတရားလိုပေးသည့် အချိန်ကာလပေါက်ဈေး၏ ခြားနားချက်အပေါ် မူလရုံးတရားပြိုင်က ပေးလျော်ရန်တာဝန်ရှိပါလျက် မူလရုံးက တရားလိုပေးသည့်မတ်ပဲဘိုးကိုသာ ဒီကရီချမှတ်ခဲ့ခြင်းမှာ မှားယွင်းသဖြင့် တရားမပထမအယူခံမှုအမှတ် ၁၇/၂၀၁၉ကိုလက်ခံပြီး တရားလိုတောင်းဆိုသည့် (၆၃၆၆၀၉၃၇)ကျပ်ကိုခွင့်ပြုရန်နှင့် တရားပြိုင်များတင်သွင်းသော တရားမပထမအယူခံမှုအမှတ် ၂၆/၂၀၁၉ ကိုစရိတ်နှင့်တကွပလပ်ပေးရန် တင်ပြလျှောက်လဲသည်။

အယူခံတရားလို/အယူခံတရားပြိုင် ဦးမောင်မောင်မြင့်နှင့် ဒေါ်ခိုင်ခိုင်ဝင်းတို့၏ တရားလွှတ်တော်ရှေ့နေက တင်ပြလျှောက်လဲရာတွင် အမှုမှ တရားလိုနှင့်တရားပြိုင်တို့သည် သက်သေခံချက်များအရ ယခင်နှစ်များကပင် မတ်ပဲအရောင်းအဝယ်ပြုလုပ်ခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ တရားလိုသည် တရားပြိုင်၏ စိန်ပွဲရုံမှ မတ်ပဲ(၁၀၅၀)တိတိအား ကြိုပွဲဝိုင့်အဖြစ်စုစုပေါင်းငွေ ၃၂၁၈၉၀၆၂ ကျပ်ပေးချေကာဝယ်ယူခဲ့ကြောင်း၊ တရားပြိုင်များက တရားလိုဝယ်ခိုင်းသည့်မတ်ပဲများကို တဆင့်ပြန်လည်းဝယ်ယူသော်လည်း တရားလိုကြိုဝယ်ခိုင်းသည့်မတ်ပဲများကို တရားပြိုင်များက တဆင့်ဝယ်ခိုင်းသူများမှ တရားပြိုင်များကိုပြန်လည်၍ ပေးသွင်းခြင်းမရှိသဖြင့် တရားလိုသို့မပေးနိုင်ခြင်းဖြစ်ကြောင်း၊ တရားပြိုင်များမှ စီပွားရေးလုပ်ငန်းများလုပ်ကိုင်ခိုင်းခြင်းမရှိတော့ကြောင်း၊ တရားလိုနှင့်မတ်ပဲဈေးမဖြတ်ရသေးဟု အမှုတွင်ပေါ်ပေါက်ကြောင်း၊ တရားလိုက တရားပြိုင်ထံမှ ကြိုပွဲဝိုင့်ပဲများကိုမတ်ပဲ(၁)တင်းလျှင် ၄၀၅၀၀ ဈေးနှုန်းဖြင့် ဈေးဖြတ်ပြီးဖြစ်၍ စုစုပေါင်း ၆၃၆၆၀၉၃၇ကျပ်တောင်းခံနေသော်လည်း တရားပြိုင်များနှင့် ဈေးဖြတ်ထားသည့်အထောက်အထားတင်ပြနိုင်ခြင်းမရှိကြောင်း၊ သက်သေခံဥပဒေပုဒ်မ ၁၀၁ တွင် တရားရုံး၏အဆုံးဖြတ်ရယူလိုသည့် တရားလိုတွင် သက်သေပြရန်တာဝန်ရှိကြောင်း၊ အမှုမှ မတ်ပဲ(၁၀၅၀အိတနှင့် ပတ်သက်၍ တရားစွဲဆိုတောင်းခံသည့်အတိုင်း တစ်တင်း ၄၀၅၀၀ ကျပ်ဈေးဖြတ်ပြီး မတ်ပဲဘိုးငွေ ၆၃၆၆၀၉၃၇ ကျပ်ရရန်ရှိသည် သက်သေထင်ရှားပြသနိုင်ခြင်းမရှိကြောင်း၊ မူလရုံးတရားလိုသည် မူလရုံးတရားပြိုင်များအား ကြိုပွဲဝိုင့်မတ်ပဲများဝယ်ယူရန်ခိုင်းစဉ်က ထိုမတ်ပဲများမရလျှင် တရားပြိုင်များမှ မတ်ပဲဘိုးငွေများကို ပြန်လည်ပေးရမည်ဟု တရားပြိုင်များနှင့်သဘောတူညီချက်ရှိသည်ဟု ထွက်ဆိုနိုင်ခြင်းမရှိကြောင်း

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ယူသည်
မိတ္တူကူးအရာရှိ
အခွင့်ရအရာရှိ

မူလရုံးတရားပြိုင်များသည် တရားလိုဝယ်ယူခိုင်းသည့်ကြိုပွဲဝင့်ပဲများကို နယ်ပွဲစားများ တောင်သူများထံသို့ရာဆင့် ပြန်လည်ဝယ်ယူပေးခဲ့သော်လည်း နယ်ပွဲစားများတောင်သူများမှ တရားပြိုင်များထံသို့ပြန်လည်ပေးသွင်းခြင်းမရှိသဖြင့် တရားပြိုင်များက တရားလိုကိုကြိုပွဲဝင့်မတ်ပဲများဝယ်ယူရာတွင်ပေးချေခဲ့သည့်ငွေ (၃၂၁၈၉၀၆၂) ကျပ်အား မူလရုံးတရားပြိုင်များက ပြန်လည်ပေးအပ်စေရန်အတွက် ဒီကရီချမှတ်ခဲ့ခြင်းမှာ တရားပြိုင်များတွင် များစွာနစ်နာကြောင်း၊ အမှုတွဲရှိသက်သေခံချက်များအရ တရားလိုသည် တရားပြိုင်တို့၏ စိန်ပွဲရုံမှ မတ်ပဲ(၁၀၅၀)အိတ်အား ကြိုပွဲဝင့်အဖြစ်စုစုပေါင်းမတ်ပဲတန်ဘိုး(၃၂၁၈၉၀၆၂)ကျပ်ပေးချေကာဝယ်ယူခဲ့သော်လည်း တရားပြိုင်မှ တဆင့်ဝယ်ယူရန်ခိုင်းသူများက ပြန်လည်မသွင်းသဖြင့် တရားလိုသို့မပေးနိုင်ခြင်းအပေါ် မူလရုံးက ဒီကရီချမှတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ သို့ဖြစ်၍ မူလရုံးတရားပြိုင်တင်သွင်းသည့် တရားမပထမအယူခံမှုအမှတ် ၂၆/၂၀၁၉ ကိုခွင့်ပြု၍ မူလရုံးတရားလို၏ အဆိုလွှာကိုစရိတ်နှင့်တကွပလပ်ပေးရန်နှင့် မူလရုံးတရားလိုတင်သွင်းသည့် တရားမပထမအယူခံမှုအမှတ် ၁၇/၂၀၁၉ကိုပလပ်သည့် အမိန့်ချမှတ်ပေးရန် တင်ပြလျှောက်လဲသည်။

မူလရုံး အမှုတွဲကိုကြည့်ရှုလေ့လာရာတွင် မူလရုံးတရားလိုဦးစိန်ဝင်းက တရားပြိုင်ဦးမောင်မောင်မြင့်နှင့် ဒေါ်ခိုင်ခိုင်ဝင်းတို့အပေါ် မတ်ပဲ(၁၀၅၀)အိတ်၏ တန်ဖိုးသင့်ငွေ(၆၃၆၆၀၉၃၇) ကျပ်ရလိုမှုစွဲခဲ့သောအမှုဖြစ်သည်။ အမှုမှ တရားပြိုင်များသည် စိန်ပဲမျိုးစုံနှင့် မြေဩဇာရောင်းဝယ်ရေးဟု ပွဲရုံဖွင့်၍ မတ်ပဲအရောင်းအဝယ်ပြုလုပ်သူဖြစ်ကြောင်းပေါ်ပေါက်သည်။ တရားလိုက ၄-၁၁-၂၀၁၄ နေ့က မတ်ပဲ၅၀၀ အိတ်ကို ၁၉၅၀၀ကျပ်ဈေးနှုန်းဖြင့် ဝယ်ယူပြီးငွေ ၁၄၅၆၄၀၆၂ ကျပ်ပေးသွင်းခဲ့ကြောင်း ၂၆-၁၁-၂၀၁၄ နေ့က မတ်ပဲ ၃၀၀အိတ်ကို ၂၀၀၀၀ကျပ်ဈေးနှုန်းဖြင့် လုပ်အားခအပါအဝင်ငွေ၉၀၁၂၀၀၀ ကျပ်ပေးသွင်းခဲ့ကြောင်း ၅-၁-၂၀၁၅ ရက်နေ့တွင်မတ်ပဲ ၂၅၀ အိတ်ကို ၂၃၀၀၀ကျပ်နှုန်းဖြင့် ငွေ ၈၆၂၅၀၀၀ ကျပ်ကို ပေးသွင်းပြီး မတ်ပဲဝယ်ခဲ့ကြောင်း သက်သေခံ(က)၊(က-၁)၊(က-၂)တို့ဖြင့် တင်ပြထားကြောင်း တွေ့ရသည်။ မတ်ပဲများကို မတ်လကုန် ၃၁-၃-၂၀၁၅ နေ့တွင် မတ်ပဲအပ်ရန်ဟုဖော်ပြပြီး ပြေစာစာရွက်ကို တရားပြိုင်တို့၏ ပွဲရုံမှ လက်မှတ်ရေးထိုးလက်ခံခဲ့ကြောင်းပေါ်ပေါက်သည်။ အမှုတွင် မတ်ပဲအိတ် (၁၀၅၀) အိတ်အရောင်းအဝယ်ပြုသည့်ကိစ္စမှာ အငြင်းမပွားပေ၊ မတ်ပဲအပ်ရန်အချိန်ရောက်သည့်အခါ တရားပြိုင်များက မတ်ပဲမအပ်နိုင်၍ တရားလိုက ယင်းအချိန်မတ်ပဲပေါက်ဈေးကို ၄၀၅၀၀ကျပ် ဈေးဖြတ်၍ တန်ဖိုးသင့်ငွေ (၆၃၆၆၀၉၃၇)ကျပ်ရလိုကြောင်းစွဲဆိုခြင်းဖြစ်သည်။

တရားပြိုင်များက တရားလိုနှင့် မတ်ပဲအရောင်းအဝယ်ပြုလုပ်ပြီး မတ်ပဲအိတ်(၁၀၅၀)ဖိုးအတွက် ငွေ ၃၂၁၈၉၀၆၂ ကျပ်လက်ခံရရှိကြောင်း အငြင်းမပွားသော်လည်း တရားလိုနှင့်တရားပြိုင်တို့သည် မတ်ပဲကြိုပွဲဝင့်ပင်တောင်စနစ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုထံမှရရှိသည့်ငွေဖြင့် မတ်ပဲဝယ်ယူရာ တရားပြိုင်များဝယ်ယူခိုင်းသူများ တရားပြိုင်များကိုပြန်လည်၍ ပေးသွင်းခြင်းမရှိသဖြင့် တရားလိုထံသို့ ပဲမသွင်းနိုင်ခြင်းဖြစ်ကြောင်း၊ မတ်ပဲဈေးကို ၄၀၅၀၀ ကျပ်ဈေးနှုန်းကို နှစ်ဦးဈေးဖြတ်ခဲ့ခြင်းမရှိကြောင်းတို့ တင်ပြထားကြောင်း တွေ့ရသည်။ မူလရုံးက တရားလိုမှ တရားပြိုင်များထံသို့မတ်ပဲပေးရန်ကြိုတင်ပေးသည့်ငွေကို ဒီကရီချမှတ်ခြင်းအပေါ် တရားလိုနှင့် တရားပြိုင်တို့က နှစ်ဖက်လုံးကျေနပ်မှုမရှိ၍ အယူခံအသီးသီးတက်ရောက်လာကြောင်း တွေ့ရသည်။

အယူခံတရားလို ဦးမောင်မောင်မြင့်နှင့်ဒေါ်ခိုင်ခိုင်ဝင်းတို့၏ တရားလွှတ်တော်ရှေ့နေက တင်ပြသည်မှာ တရားလိုသည် တရားပြိုင်များအား ကြိုပွဲဝင့်ပဲများဝယ်ယူရန် ခိုင်းစဉ်က

တာဝန်ခံမိတ္တူမှန်
မစစ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ခံပါသည်
မိတ္တူကူးယူသူ
(မျိုးညွန့်)
အခွင့်ရအရာရှိ

မတ်ပဲများမရလျှင် မတ်ပဲဘိုးငွေများပြန်လည်ပေးရမည်ဟု သဘောတူညီချက်ရှိသည်ဟု တင်ပြထွက်ဆိုထားခြင်းမရှိကြောင်း၊ တရားလိုဝယ်ခိုင်သည့် ကြို့ပွိုင့်ပဲများကို နယ်ပွဲစာတောင်သူများထံသို့ တဆင့်ဝယ်ယူပေးခဲ့သော်လည်း နယ်ပွဲစားများတောင်သူများမှ တရားပြိုင်များထံပြန်လည်ပေးသွင်းခြင်းမရှိသဖြင့် မတ်ပဲကြို့ပွိုင့်ဝယ်ယူရာတွင်ပေးချေခဲ့သည့် ငွေ(၃၂၁၈၉၀၆၂)ကျပ်ပြန်လည်ပေးဆပ်စေရန် ဒီကရီချမှတ်ခြင်းမှာ တရားပြိုင်များ(အယူခံတရားလို) ဦးမောင်မောင်မြင့်နှင့်ဒေါ်ခိုင်ခိုင်ဝင်းတို့ကို များစွာနစ်နာကြောင်းတင်ပြထားသည်။ အမှုတွင်တရားလိုနှင့် တရားပြိုင်များသည် မတ်ပဲအရောင်းအဝယ်ပြုရာ၌ခင်မင်ရင်းနှီးပြီး နှစ်စဉ်ပြုလုပ်ခဲ့ကြောင်းတွေ့ရသည်။ အမှုတွင် တရားလိုက တရားပြိုင်၏ပွဲရုံမှပဲကိုဝယ်ယူခဲ့ကြောင်း၊ သက်သေခံ(က)၊(က-၁)(က-၂) ပြေစာအရပေါ်ပေါက်သည်။ယင်းပြေစာတွင် ငွေရှင်းပြီးမတ်လကုန်ပဲအပ်ရန်ဟုသောစာသားနှင့် ပဲအိတ်တန်ဖိုးဈေးနှုန်းများသာ ရေးသားထားကြောင်း တွေ့ရသည်။ သက်မှတ်သည့်အချိန်တွင် တရားပြိုင်များက မတ်ပဲမအပ်နိုင်၍ ပြဿနာပေါ်ခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသည်။ တရားလိုနှင့်တရားပြိုင်အကြားတွင် မတ်ပဲဝယ်ယူရေးနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်ပဋိညာဉ်ပြုလုပ်ထားသည့် စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိကြောင်းတွေ့ရသည်။

အယူခံတရားလို ဦးစိန်ဝင်း၏ဟရားလွှတ်တော်ရှေ့နေက တင်ပြရာတွင်တရားလိုမှ တရားပြိုင်များထံတွင် မတ်ပဲများကိုဝယ်ယူရာ၌ ဝယ်ယူသည့်အချိန်တွင်ကာလပေါက်ဈေးဖြင့် ဝယ်ယူခဲ့ပြီး ဝယ်ယူခဲ့သော မတ်ပဲများကို တရားလိုမှ တရားပြိုင်များထံတွင် ပြန်လည်ရယူလိုသည့် အချိန်တွင် မူလရုံးတရားပြိုင်များမှ မတ်ပဲကိုလည်းကောင်း၊ မတ်ပဲများ၏ပေါက်ဈေးကိုလည်းကောင်း ပေးချေရန်သဘောတူညီချက်ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပါလျက် မူလရုံးကမတ်ပဲဝယ်စဉ်ကငွေအရေအတွက်ကိုသာ ဒီကရီချခြင်းမှာ မှားယွင်းကြောင်း၊ တရားလိုမှ တရားပြိုင်များထံ မတ်ပဲများဝယ်ယူရာတွင် တရားပြိုင်များပွဲရုံ၌ မတ်ပဲ(ပင်တောင်)အား ကြို့ပွိုင့်ဖြင့် ဝယ်ယူခြံခြင်းဖြစ်ကြောင်း သုံးသပ်ခြင်းမှာ မှားယွင်းကြောင်း တရားပြိုင်မှ တရားလိုအား ပေးရန်ရှိသည့်မတ်ပဲ(၁၀၅၀)အိတ်အတွက် တစ်တင်း(၄၀၅၀၀) ကျပ်ဈေးနှုန်းဖြင့် ပေးရန်ရှိကြောင်းတင်သွင်းသောစာရင်းအရ ပေါ်ပေါက်ပါလျက် မူလဈေးနှုန်းဖြင့်သာဒီကရီချမှတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ကုန်ပစ္စည်းပေးသွင်းရမည့်အချိန်တွင် ပေးအပ်နိုင်ခြင်းမရှိပါက ထိုပစ္စည်း၏ ကာလတန်ဖိုးအပေါ်ပေးချေရန်တာဝန်ရှိကြောင်း ဥပဒေပြဋ္ဌာန်းချက်ရှိပါလျက် မူလရုံးကမူလက်ဝယ်ရင်းငွေကိုသာဒီကရီချမှတ်ခြင်းမှာ မှားယွင်းကြောင်းတို့ကို အဓိကတင်ပြထားကြောင်း တွေ့ရသည်။

အမှုတွဲရှိနှစ်ဖက် သက်သေခံချက်အရ တရားပြိုင်များ၏ စိန်ပဲရောင်းဝယ်ရေးပွဲရုံတွင် တရားလိုမှ မတ်ပဲအိတ်(၁၀၅၀) ကိုဈေးဖြတ်၍ဝယ်ယူခဲ့သည့်အချက်မှာ နှစ်ဖက်အငြင်းမပွားပေ။ ထိုသို့ နှစ်ဖက်ဝယ်ယူစဉ်က ပွဲရုံတွင်ပဲမရှိ၍ပဲပေးရန်အချိန်ကို မတ်လကုန်တွင်ပေးရန်ဟု သက်မှတ်ခဲ့ကြောင်းပေါ်ပေါက်သည်။ တရားလိုနှင့်တရားပြိုင်တို့၏ ပဲအိတ်အရောင်းအဝယ်ပြုရာတွင်သက်သေခံ(က)၊(က-၁)၊(က-၂) ပြေစာတို့အရ ပေါ်ပေါက်သည်။ ယင်းသို့ပြေစာဖြင့် အရောင်းအဝယ်ပြုသော်လည်း နှစ်ဦးနှစ်ဖက်အကြားတွင် မည်သည့်ပဋိညာဉ်ချုပ်ဆိုသည်ဟု နှစ်ဖက်တင်ပြနိုင်ခြင်းမရှိကြောင်းပေါ်ပေါက်သည်။

မူလရုံးတရားလိုဘက်မှ တင်ပြသည်မှာ ယခင်နှစ်များတွင်လည်း ယခုကဲ့သို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တရားလို လိုအပ်သည့်အချိန်တွင် ရှိသည့်ဈေးနှုန်းဖြတ်၍ နှစ်စဉ်ဆောင်ရွက်ခဲ့သည့်ဓလေ့ထုံးစံအရ ယခုနှစ်တွင်ကာလပေါက်ဈေးမှာ (၄၀၅၀၀) ကျပ်ဈေးပေါက်၍ ယင်းဈေးနှင့်ဖြတ်၍

တာဝန်ခံမိတ္တူမှန်
ပစ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ယူသည်
မိတ္တူကူးစာရေး
အခွင့်ရအရာရှိ

ငွေရှင်းပေးရန်အတွက် အမှုကိုစွဲဆိုခဲ့ကြောင်းတွေ့ရသည်။ ယခင်နှစ်များက ပဲဈေးနှုန်းမှာ ဈေးနှုန်းအတက်အကျနည်းသဖြင့် ဆောင်ရွက်ပေးနိုင်သော်လည်း ယခုနှစ်တွင် ပဲဈေးအတက်အကျကြီးမား၍ကြေးရွှာဟမှုများသဖြင့် တရားပြိုင်များကဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ကြောင်း ပေါ်ပေါက်သည့်ပြင် တရားပြိုင်မှ တရားလို၏ငွေဖြင့်ဝယ်ယူထားသောပဲများကို ပဲရောင်းသူတောင်သူများက ပဲမသွင်းနိုင်ကြ၍ တရားပြိုင်များက ရှင်းမပေးနိုင်သဖြင့် ဟသ်ာတကုန်စည်ဒိုင်သို့ တရားပြိုင်များက တင်ပြသည့်စာသက်သေခံ(ခ)အရ တွေ့ရသည်။ ယင်းသက်သေခံ(ခ) တွင်လည်း တရားလိုသို့ပေးရန် မတ်ပဲအိတ် (၁၇၅၇)ဟုသာဖော်ပြထားကြောင်း တွေ့ရသည်။ မတ်ပဲတစ်တင်းနှုန်းမည်မျှသတ်မှတ်သည်ဟုဖော်ပြမထားပေ။

အမှုမှ တရားလိုနှင့် တရားပြိုင်တို့သည် မတ်ပဲအရောင်းအဝယ်ကို မတ်ပဲမရှိသည့်အချိန်တွင် ပြုလုပ်ကြသည့်အချက်ပေါ်လွင်သည်။ ယင်းအချိန်တွင် အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ပြီး ပေါက်ဈေးထက်လျော့၍ အရောင်းအဝယ်ပြုခဲ့ကြောင်း တွေ့ရသည်။ မူလရုံးတရားလို၏တရားလွှတ်တော်ရှေ့နေတင်ပြချက်အရ နှစ်စဉ်နှစ်တိုင်းဓလေ့ထုံးစံအရ ပဲဝယ်သူအလိုရှိသည့်အချိန်တွင် ဈေးဖြတ်၍ပဲဘိုးရှင်းပေးရသည့်ထုံးစံဓလေ့အရ အခင်းဖြစ်သည့်အချိန်တွင် ပေါက်ဈေးမတ်ပဲတစ်တင်း (၄၀၅၀၀)ကျပ်ဖြင့် တရားစွဲဆိုခြင်းမှာ မှန်ကန်ပါလျက် မူလရုံးက ပဲဝယ်စဉ်ကဈေးဖြင့်သာ ဒီကရီချမှတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း တင်ပြထားသည်။ မူလရုံးတရားပြိုင်များကလည်း တရားလိုနှင့်အရောင်းအဝယ်ပြုစဉ်က ပွဲရုံတွင် မတ်ပဲမရှိချိန်ဖြစ်၍ ကြိုပွဲငှင့်စနစ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ပဲပေါ်ရာသီတွင် ပဲထွက်မကောင်း၍ တရားပြိုင်များဝယ်ထားသော နယ်တောင်သူများက မတ်ပဲမသွင်း၍တရားလိုအားမတ်ပဲမပေးနိုင်ခြင်းဖြစ်ရာ ရောင်းမှား၊ ဝယ်မှားဖြစ်ပွားခဲ့ခြင်းဖြစ်၍ မူလရုံးက မူလပဲဘိုးငွေကိုဒီကရီချမှတ်ခြင်းမှာ မှားယွင်းကြောင်း အဓိကတင်ပြထားကြောင်း တွေ့ရသည်။

မူလရုံးတရားလိုက အခင်းဖြစ်ချိန်မတ်ပဲဈေးနှုန်းမှာ (၄၀၅၀၀) ကျပ်ဖြစ်၍ ယင်းဈေးနှုန်းဖြင့် တွက်ချက်၍ ဒီကရီချမှတ်ပေးရန်တင်ပြသည်။ ထို့ပြင်ပဋိညာဉ်ဥပဒေပုဒ်မ ၇၃ အရ တင်ပြထားသည်။ ယင်းပုဒ်မတွင် ပဋိညာဉ်စာချုပ်တစ်ခုကို ဖောက်ဖျက်သောအခါ ထိုဖောက်ဖျက်မှုကြောင့် နစ်နာထိခိုက်ခြင်းခံရသူအနေဖြင့် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ဖောက်ဖျက်သူထံမှ လျော်ကြေးရခွင့်ရှိသည်။ ထိုဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုသည် ပဋိညာဉ်ပျက်ပြယ်ခြင်းကြောင့် အစဉ်အလိုက်ဖြစ်တတ်သော သဘာဝရှိသည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုမျိုးဖြစ်ရမည် သို့မဟုတ် နှစ်ဘက်လုံးမှ ပဋိညာဉ်ပြုကြသူများက ပဋိညာဉ်ပျက်လျှင် ဖြစ်ပေါ်တန်ဘွယ်ရာရှိသည်ဟု သိသာသောဆုံးရှုံးမှုနစ်နာမှုမျိုး ဖြစ်ရမည်ဟုပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မ၏ဆိုလိုရင်းမှာ "ပဋိညာဉ်စာချုပ်တစ်ခုကို ဖောက်ဖျက်မှုကြောင့်"ဟုသော စာသားအရ ပဋိညာဉ်တစ်ရပ်ချုပ်ဆိုထားခြင်းရှိမှသာ ယင်းပဋိညာဉ်အတိုင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပေါ်ပေါက်သည်။ အမှုတွင်မူလရုံးတရားလိုအနေဖြင့်တရားပြိုင်များထံမှ မတ်ပဲဝယ်သည့် ပြေစာသက်သေခံ(က)၊(က-၁)၊(က-၂) တို့ကိုသာတင်ပြထားပြီး ယင်းပြေစာများတွင်မတ်ပဲအပ်ရ မည့်အချိန်မတ်လကုန်ဟု သာဖော်ပြထားပြီး ယင်းအချိန်မတ်ပဲမအပ်နိုင်ပါက မည်သို့ဆောင်ရွက် မည် ဟုပဋိညာဉ်ပြုလုပ်ထားကြောင်း တရားလိုဘက်မှ တင်ပြနိုင်ခြင်းမရှိကြောင်းတွေ့ရသည်။ သက်သေခံဥပဒေပုဒ်မ ၁၀၃ တွင် အကြောင်းခြင်းရာတစ်ခုကိုထင်ရှားအောင်သက်သေထူရန်တာဝန် သည် အခြားသူတစ်ဦးအပေါ်တွင် ကျရောက်ကြောင်းဥပဒေပြဋ္ဌာန်းချက်မရှိလျှင် ယင်းအကြောင်း ခြင်းရာနှင့်စပ်လျဉ်း၍ ထင်ရှားအောင်သက်သေထူရန်တာဝန်သည် ယင်းအကြောင်းခြင်းရာတည်ရှိကြောင်း တရားရုံးမှယုံကြည်စေလိုသူအပေါ်ကျရောက်သည်ဟု ပြဋ္ဌာန်းထားသည်။ အမှုတွင် တရားလိုအနေဖြင့် သက်မှတ်သော

တာဝန်ခံမိတ္တူမှန်

ပယ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ယူသည်။

မိတ္တူကူးသူစာရေး

(မျိုးဦးနိုင်)
အခွင့်ရအရာရှိ

အချိန်တွင် မတ်ပဲမပေးနိုင်က ထိုအချိန်ကာလပေါက်ဈေးနှင့် ပေးရန်ဟု ထွက်ဆိုချက်များရှိသော်လည်း ယင်းအချက်နှင့်ပတ်သက်၍ သက်သေထင်ရှားပြသနိုင်ခြင်းမရှိကြောင်းတွေ့ရသည်။

မူလရုံးတရားလို၏ တရားလွှတ်တော်ရှေ့နေက မတ်ပဲဈေးကိုအချင်းဖြစ်ချိန်တွင်ရှိသော ၄၀၅၀၀ ကျပ်ဖြင့် တွက်ချက်ပေးရန်ဟု တင်ပြထားသော်လည်း သက်သေခံ(ခ)ဖြင့်ဟသ်ာတကုန်စည်ဒိုင်သို့တင်ပြထားသည့်စာရင်းတွင် တရားလိုအားပေးရန်မတ်ပဲအိတ် ၁၀၅၀ ဟုသာဖော်ပြထားပြီးယင်းမတ်ပဲဈေးနှုန်းသတ်မှတ်ခဲ့ကြောင်း မတွေ့ရပေ။ မူလရုံးတရားလိုအနေဖြင့် ယင်းအချိန်တွင်ရှိသည့်မတ်ပဲဈေးနှုန်းဟုဆိုကာ တရားလိုပြသက်သေများနှင့်သာ နှုတ်ဖြင့်ထွက်ဆိုထားကြောင်းတွေ့ရသည်။ ယင်းဈေးနှုန်းကို(၂)ဦးသဘောတူဖြတ်သည်ဟု မပေါ်ပေါက်ဘဲ တရားပြိုင်(၁)က ဖြေဖြေစောင့်ယူရန်ဟုပြောသည်ဟု ဦးမောင်မောင်ထွေး (လိုပြ-၁)က ထွက်ဆိုသော်လည်း တရားပြိုင်များက သဘောတူသတ်မှတ်သည်ဟု ယူဆနိုင်မည်မဟုတ်သည့်ပြင် တရားလိုနှင့် တရားပြိုင်တို့အကြားတွင် ပဋိညာဉ်ပြုလုပ်ခဲ့ကြောင်းတင်ပြထားခြင်းမရှိသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ မူလရုံးတရားလို၏ တရားလွှတ်တော်ရှေ့နေက တင်ပြသည့်ပဋိညာဉ်ဥပဒေပုဒ်မ ၇၃ အရလည်း မူလကပင် ပဋိညာဉ်ပြုလုပ်၍ ဖောက်ဖျက်သည်ဟုမပေါ်ပေါက်ရာ ယင်းဥပဒေအရ ဆောင်ရွက်နိုင်မည်မဟုတ်ပေ။

သို့ဖြစ်ရာ ဟသ်ာတခရိုင်တရားရုံးအနေဖြင့် အမှုတွင်နစ်ဖက်အငြင်းမပွားပေါ်ပေါက်သည့် တရားလိုမှ မတ်ပဲဝယ်ရန်ပေးထားသောငွေများကို တရားပြိုင်များမှ လက်ခံရယူထားကြောင်းပေါ်ပေါက်၍ ယင်းငွေကိုပြန်လည်ပေးဆပ်ရန် တာဝန်ရှိကြောင်း ဒီကရီချမှတ်ခဲ့ခြင်းမှာ အမှုတွဲရှိသက်သေခံချက်များအရ မှားယွင်းမှုမရှိရာ အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် ဟသ်ာတခရိုင်တရားရုံး၏ ၂၇-၁၂-၂၀၁၈ ရက်စွဲပါ ဒီကရီကိုဆက်လက်အတည်ပြုပြီး တရားမပထမအယူခံမှုအမှတ် ၁၇/၂၀၁၉နှင့်၂၆/၂၀၁၉ တို့အား စရိတ်နှင့်တကွပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်.

ရှေ့နေခ ၂၀၀၀၀ိ/-သတ်မှတ်သည်။

ပုံ × × ×
( ဝင်းမြင့် )
တရားသူကြီး